ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာ
အမှတ်၊ ၅၆ /၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက် )

# မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်
# (Motor Vehicle Temporary Admission Document – TAD)ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် (Motor Vehicle Temporary Admission Document – TAD) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် (TAD) ဆိုသည်မှာ ခရီးသည်နှင့်ကုန်စည်များ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အလို့ငှာ အသုံးပြုသည့် မော်တော်ယာဉ်များအား အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၏ နိုင်ငံပိုင်နယ်နိမိတ်အတွင်း ခွင့်ပြုထားသည့် ခရီးလမ်းကြောင်းတစ်လျှောက် နယ်စပ်ဖြတ်ကျော် ဝင်ရောက်သွားလာခွင့်အတွက် အကောက်ခွန်ဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်ယာယီ ဝင်ခွင့်လက်မှတ်ကို ဆိုသည်။

(ခ) နေရင်းစာချုပ်ဝင်နိုင်ငံ ဆိုသည်မှာ လူပုဂ္ဂိုလ်များအတွက် အခြေစိုက်နေထိုင်သည့် နိုင်ငံ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လုပ်ငန်းတည်ထောင်ရာနိုင်ငံဖြစ်ပြီး မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်ကို မှတ်ပုံတင်ထားသောနိုင်ငံကို ဆိုသည်။

(ဂ) အိမ်ရှင်စာချုပ်ဝင်နိုင်ငံ ဆိုသည်မှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်သည့် နေရင်းနိုင်ငံမဟုတ်သော အခြားနိုင်ငံကို ဆိုသည်။

(ဃ) မော်တော်ယာဉ်ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကိုဖြစ်စေ၊ အခြားစွမ်းအင် တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ မောင်းနှင်သော ဘီးတပ်ယာဉ်ကို ဆိုသည်။

(င) နောက်တွဲယာဉ်ဆိုသည်မှာ မော်တော်ယာဉ်ဖြင့်ဆွဲသည့် ဘီးတပ်ယာဉ်ကို ဆိုသည်။

(စ) ကုန်းလမ်းမှပို့ဆောင်ရေးခွင့်ပြုချက် (Road Transport Permit) ဆိုသည်မှာ အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး ကော်မတီ (National Transport Facilitation Committee – NTFC)မှ ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဆ) လုပ်ငန်းလိုင်စင်ဆိုသည်မှာ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးလုပ်ငန်းအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသော စာတမ်းအမှတ်အသားကို ဆိုသည်။

(ဇ) ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များ (Force Majeure) ဆိုသည်မှာ သဘာဝဘေးအန္တရာယ်များအပါအဝင် ကြိုတင်သိမြင်နိုင်စွမ်းမရှိသော၊ ရှောင်လွှဲ၍မရနိုင်သော၊ တားဆီးကာကွယ်ထိန်းချုပ်၍မရနိုင်သော ဖြစ်ရပ်အခြေအနေများကို ဆိုသည်။

## အခန်း(၂)

## မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် လျှောက်ထားခြင်းနှင့်စိစစ်ခွင့်ပြုခြင်း

၃။ မော်တော်ယာဉ် ယာယီဝင်ခွင့်လက်မှတ်ဖြင့် ခွင့်ပြုမည့် ယာဉ်အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ခရီးသည်တင်ယာဉ်

(ခ) ကုန်တင်ယာဉ်

(ဂ) နောက်တွဲယာဉ်။

၄။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် (TAD) လျှောက်ထားသော မော်တော်ယာဉ်သည် အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီသို့ ကုန်းလမ်းမှပို့ဆောင်ရေးခွင့်ပြုချက် လျှောက်ထားရာတွင် ထည့်သွင်းဖော်ပြသည့် ခရီးသည်နှင့်ကုန်စည်များကို နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရန် အလို့ငှာ အသုံးပြုမည့် မော်တော်ယာဉ်ဖြစ်ရမည်။

၅။ အပိုဒ် ၄ ပါမော်တော်ယာဉ်အတွက် မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ကို လုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် ယင်းကတရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်သည် သတ်မှတ်ပုံစံ လျှောက်လွှာ နှင့်အတူ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။ ယင်းသို့လျှောက်ထားရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများကို ပူးတွဲ တင်ပြရမည် -

(က) ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော လုပ်ငန်းလိုင်စင် မူရင်း နှင့် မိတ္တူ၊

(ခ) လျှောက်ထားသူသည် လုပ်ငန်းလိုင်စင်ရရှိသူ၏ ကိုယ်စားလှယ်ဖြစ်ပါက လုပ်ပိုင်ခွင့်လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာ၊

(ဂ) ကုန်းလမ်းမှပို့ဆောင်ရေးခွင့်ပြုချက် (Road Transport Permit) မူရင်း နှင့် မိတ္တူ၊

(ဃ) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်နှင့်သက်ဆိုင်သည့် အချက်အလက်များ မူရင်း၊ မိတ္တူ နှင့် ယာဉ်၏ ဓါတ်ပုံမှတ်တမ်း၊

(င) မော်တော်ယာဉ်၏ တန်ဖိုးအတွက် အာမခံထားရှိမှု အထောက်အထား စာရွက်စာတမ်းများ မူရင်း နှင့် မိတ္တူ၊

(စ) လျှောက်ထားသူ၏ မှတ်ပုံတင် မူရင်းနှင့် မိတ္တူ။

၆။ အကောက်ခွန်ဦးစီးဌာနသည် အပိုဒ် ၅ ပါ လျှောက်ထားချက်အပေါ် စိစစ်၍ စာရွက်စာတမ်း အထောက်အထား ပြည့်စုံမှန်ကန်ပါက မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် (TAD) ထုတ်ပေးရမည်။ ပြည့်စုံမှန်ကန်မှု မရှိပါက မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် ထုတ်ပေးရန်

ငြင်းပယ်နိုင်ပြီး ထိုသို့ ငြင်းပယ်ပါက အကျိုးအကြောင်းဖော်ပြ၍ လျှောက်ထားသူထံသို့ ရက်ပေါင်း ၃၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

၇။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် ၏ သက်တမ်းသည် စတင်ခွင့်ပြုသည့်နေ့မှစ၍ (၁) နှစ် ဖြစ်သည်။

## အခန်း(၃)

## သက်တမ်းတိုးခြင်း

၈။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် သက်တမ်းကုန်ဆုံးရက် မတိုင်မီ (၁)လ ကြိုတင်၍ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်မူရင်းနှင့်အတူ သက်တမ်းတိုးပေးရန် အကောက်ခွန်ဦးစီးဌာနသို့ တင်ပြလျှောက်ထားနိုင်သည်။ အကောက်ခွန်ဦးစီးဌာနသည် မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်မူရင်းတွင် သက်တမ်းတိုးခွင့်ပြုခြင်းကို ဖြည့်သွင်း၍ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ကို သက်တမ်းတိုး လျှောက်ထားသူသို့ ပြန်လည်ပေးအပ်ရမည်။

၉။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ပါ စာမျက်နှာများသုံးစွဲ၍ကုန်ဆုံးသွားပါက မူလမော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ကို အပ်နှံပြီး အသစ်ထုတ်ပေးရန် လျှောက်ထားရမည်။

၁၀။ နေရင်းစာချုပ်ဝင်နိုင်ငံတွင် မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် ပျက်စီး၊ပျောက်ဆုံးပါက မူလလျှောက်ထားစဉ်က တင်ပြခဲ့သည့် စာရွက်စာတမ်းအထောက်အထားများကို ပူးတွဲတင်ပြ၍ ပြန်လည်လျှောက်ထားရမည်။

၁၁။ အိမ်ရှင်စာချုပ်ဝင်နိုင်ငံတွင် မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် ပျက်စီး၊ပျောက်ဆုံးခဲ့ပါက အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၏ အကောက်ခွန်ဌာနထံမှ အသိပေးအကြောင်းကြားစာ၊ မူလလျှောက်ထားစဉ်က တင်ပြခဲ့သည့် စာရွက်စာတမ်းအထောက်အထားများကို ပူးတွဲ တင်ပြ၍ ပြန်လည် လျှောက်ထားရမည်။

၁၂။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် ပျက်စီး၊ ပျောက်ဆုံးမှုအတွက် ပြန်လည်ထုတ်ပေးသည့် မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်အသစ်၏ သက်တမ်းကာလသည် ပျက်စီး၊ ပျောက်ဆုံးသွားသည့် မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်၏ မူလသက်တမ်းကာလအတိုင်း ဖြစ်သည်။

## အခန်း(၄)

## အကောက်ခွန်နှင့် အခြားအခွန်များကင်းလွတ်ခွင့်ပြုခြင်း

၁၃။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် အသုံးပြု၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် –

(က) မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် ထုတ်ပေးထားသည့် မော်တော်ယာဉ် အတွက် ကျသင့်သည့် အကောက်ခွန်နှင့်အခြားအခွန်များ ကင်းလွတ်ခွင့်ရှိသည်။

(ခ) မော်တော်ယာဉ်ပြင်ဆင်ရာတွင် မဖြစ်မနေလိုအပ်သော ယာဉ်နှင့်တစ်ပါတည်း ပါရှိသည့် အထောက်အကူပြု ပစ္စည်းကိရိယာ တန်ဆာပလာများ နှင့် ယာဉ်အပို ပစ္စည်းများ၊ မူလဆီတိုင်ကီ၊ ချောဆီများသည် ပို့ကုန်၊သွင်းကုန်ဆိုင်ရာ အခွန်အခ များမှ ကင်းလွတ်ခွင့်ရှိပြီး ယာယီတင်သွင်းခွင့်လျှောက်ထားရာတွင် ထည့်သွင်း ဖော်ပြရန်မလိုပါ။

(ဂ) မော်တော်ယာဉ်သည် ကြီးမားသော ထိခိုက်ပျက်စီးမှုများရှိခဲ့ပါက မော်တော် ယာဉ်၏ ဖျက်ဆီးခြင်းမပြုသည့် အစိတ်အပိုင်းများကို နေရင်းစာချုပ်ဝင်နိုင်ငံသို့ ပြန်လည်တင်ပို့လျှင် တင်ပို့ခြင်းအတွက် အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ရှိ သည်။

(ဃ) ကြီးမားသော ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မော်တော်ယာဉ်ကို အိမ်ရှင် စာချုပ်ဝင်နိုင်ငံ၏ အကောက်ခွန်ဌာနသို့ စွန့်လွှတ်ကြောင်း တင်ပြ လျှောက်ထား ခြင်းအား လက်ခံခဲ့ပါက အဆိုပါမော်တော်ယာဉ်အတွက် အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

## အခန်း(၅)

## ပြန်လည်ထွက်ခွာခြင်း

၁၄။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ရရှိသည့် မော်တော်ယာဉ်သည် အိမ်ရှင်စာချုပ် ဝင်နိုင်ငံသို့ စတင်ဝင်ရောက်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်ထွက်ခွာရမည်။ ကြိုတင် မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များကြောင့် ပြန်လည်ထွက်ခွာနိုင်ခြင်း မရှိပါက အိမ်ရှင် စာချုပ်ဝင်နိုင်ငံ၏ အကောက်ခွန်ဌာနသို့ နောက်ထပ် ရက်ပေါင်း ၃၀ သက်တမ်းတိုး (၁) ကြိမ် လျှောက်ထားနိုင်သည်။

၁၅။ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ရရှိသည့် မော်တော်ယာဉ်များသည် သတ်မှတ်ကာလအတွင်း အသုံးပြုခြင်းကြောင့် မူလအရည်အသွေး လျော့နည်းမှုနှင့် စက်ဆီ၊ ချောဆီများ ပုံမှန်သုံးစွဲထားသည်မှအပ မူလဝင်ရောက်စဉ်က အခြေအနေအတိုင်း ပြန်လည်ထွက်ခွာရမည်။

၁၆။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် မော်တော်ယာဉ်သည် ပြန်လည်ထွက်ခွာချိန်တွင် အကောက်ခွန်ဦးစီးဌာန၏ ခွင့်ပြုချက်ရယူခဲ့ခြင်းမရှိလျှင် မြန်မာနိုင်ငံအတွင်းသို့ နောက်တစ်ကြိမ် ဝင်ရောက်လာသည့်အချိန်တွင် ကျေနပ်လက်ခံနိုင်သည်အထိ သက်သေအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ယင်းမော်တော်ယာဉ်အား မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းကို အကောက်ခွန်ဦးစီးဌာနက ငြင်းပယ်နိုင်သည်။

## အခန်း(၆)

## မော်တော်ယာဉ် ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်း နှင့် လမ်းကြောင်းပြောင်းလဲခြင်း

၁၇။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် မော်တော်ယာဉ်သည် ကြီးမားသော ထိခိုက်ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှုများရှိခဲ့ပါက အောက်ပါ နည်းလမ်းတစ်ရပ်ရပ် ကို ဆောင်ရွက်ခြင်းဖြင့် ပြန်လည်တင်ပို့ခြင်းမှ ကင်းလွတ်ခွင့်ရှိသည် -

(က) အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၏ အကောက်ခွန်ဌာနသို့ အကောက်ခွန်နှင့် အခြားအခွန်အခများ ပေးဆောင်ခြင်း၊

(ခ) မော်တော်ယာဉ်ကို ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၏ အကောက်ခွန်ဌာနသို့ လျှောက်ထားလာမှုအပေါ် လက်ခံပေးမည်ဆိုပါက စွန့်လွှတ်မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သက်ဆိုင်ရာဌာနသို့ အကြောင်းကြား၍ အဆိုပါဌာန၏ အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်ခြင်း၊

(ဂ) ထိခိုက်ပျက်စီးသည့် မော်တော်ယာဉ်အား တစ်စီးလုံးကိုဖြစ်စေ အစိတ်အပိုင်းကိုဖြစ်စေ ဖျက်ဆီးမည်ဆိုပါက မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ဖြင့် ခွင့်ပြုချက်ရရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ကုန်ကျစရိတ် ကျခံ၍ အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၊ သက်ဆိုင်ရာဌာန၏ ကြီးကြပ်မှုဖြင့် ဖျက်ဆီးခြင်း၊

(ဃ) မော်တော်ယာဉ်၏ ဖျက်ဆီးခြင်းမပြုသည့် အစိတ်အပိုင်းများအတွက် အကောက်ခွန်နှင့် အခြားအခွန်အခများ ပေးဆောင်ခြင်း၊

၁၈။ ကုန်းလမ်းမှပို့ဆောင်ရေးခွင့်ပြုချက်ဖြင့် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် အိမ်ရှင်စာချုပ်ဝင်နိုင်ငံအတွင်း မလွဲမရှောင်သာသော ကိစ္စတစ်ခုကြောင့် မူလသတ်မှတ်လမ်းကြောင်းမှ ပြောင်းလဲ၍ သွားရောက်ရမည့် ကိစ္စပေါ်ပေါက်လာပါက အနီးဆုံး အကောက်ခွန်ဌာနသို့ ဦးစွာ အကြောင်းကြားရမည်။ အကောက်ခွန်ဌာနမှ သင့်လျော်သည့် လမ်းကြောင်းတစ်ခု သတ်မှတ်ပေးနိုင်သည်။ ယင်းသို့ဆောင်ရွက်မှုကို အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီသို့ အကြောင်းကြားရမည်။

## အခန်း(၇)

## မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ရရှိသည့် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် တာဝန်များ

၁၉။ ယာဉ်အမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရမည့်တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) **ခရီးသည်တင်ယာဉ်**များအနေဖြင့် ဝင်ရောက်နှင့်ထွက်ခွာချိန်တို့၌ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ပါ အချက်အလက်များနှင့် ကိုက်ညီမှုရှိမရှိ အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးမှုခံယူရမည်။ အဆိုပါယာဉ်ပေါ်တွင်ပါရှိလာသော ခရီးသည်ဝန်စည်များနှင့်စပ်လျဉ်း၍ အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၏ တည်ဆဲအကောက်ခွန်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာရန် တာဝန်ရှိသည်။

(ခ) **ကုန်တင်ယာဉ်**များအနေဖြင့် ဝင်ရောက်၊ထွက်ခွာချိန်တို့၌ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ပါ အချက်အလက်များ နှင့် ကိုက်ညီမှုရှိမရှိ အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးမှုခံယူရမည်။ အဆိုပါယာဉ်ပေါ်တွင် ပါရှိလာသော ကုန်စည်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများ တင်ပြခြင်း၊ ကျသင့်အခွန်အခများ ပေးဆောင်ခြင်းတို့ကို အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၏ တည်ဆဲအကောက်ခွန်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဂ) **နောက်တွဲယာဉ်**များ အနေဖြင့် မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်တွင် ဖော်ပြထားသော နောက်တွဲယာဉ်မှတ်ပုံတင်အမှတ်ကို အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးမှုခံယူရမည်။ အဆိုပါ နောက်တွဲယာဉ်များပေါ်တွင် ပါရှိလာသည့် ကုန်စည်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများ တင်ပြခြင်း၊ ကျသင့်အခွန်အခများ ပေးဆောင်ခြင်းတို့ကို အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၏ တည်ဆဲအကောက်ခွန်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။

## အခန်း(၈)

## အထွေထွေ

၂၀။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်ဖြင့် ဝင်ရောက်လာသော မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ တည်ဆဲ အကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိဘဲ ချိုးဖောက်ကျူးလွန်ပါက အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၏ အကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ အကောက်ခွန်၊ အခွန်အရပ်ရပ်နှင့် ဒဏ်ကြေးများကို အကောက်ခွန်ဌာန၏ အကြောင်းကြားစာ ပေးပို့သည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပေးဆောင်ရမည်။

၂၁။ အခွန်ပေးဆောင်ရမှု၊ ဒဏ်ကြေးပေးဆောင်ရမှုများ နှင့်ပတ်သက်၍ လွဲမှားမှုများတွင် ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူမှ နစ်နာမှုရှိကြောင်း ပြန်လည်တင်ပြနိုင်လျှင် ပေးဆောင်ထားသည့် အခွန်အခများ၊ ဒဏ်ကြေးများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေနှင့်အညီ ပြန်လည်လျှော့ပေါက်ထားနိုင်သည်။

၂၂။ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ် ရရှိထားသော မော်တော်ယာဉ်သည် အိမ်ရှင်စာချုပ်ဝင်နိုင်ငံအ**တွင်း**၌ ထိခိုက်ပျက်စီးမှုကြောင့် ပြန်လည်ပြင်ဆင်မှုပြုလုပ်ခဲ့ပါက အစားထိုးတပ်ဆင်လာသည့် ပစ္စည်းများအတွက် အကောက်ခွန်တန်ဖိုးသတ်မှတ်၍ ကျသင့်အခွန်အခများ စည်းကြပ်ကောက်ခံရမည်။

၂၃။ မော်တော်ယာဉ်ယာယီဝင်ထွက်မှုနှင့် စပ်လျဉ်း၍ အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၏ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မော်တော်ယာဉ်ယာယီဝင်ထွက်သွားလာခွင့်မှ ယာယီ သို့မဟုတ် အမြဲတမ်း

ရပ်ဆိုင်းခြင်းခံရမည်။ ယင်းသို့ ဆောင်ရွက်မှုကို နေရင်းစာချုပ်ဝင်နိုင်ငံ၏ အကောက်ခွန်ဌာနနှင့် အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၏ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီသို့ အလျင်အမြန် အကြောင်းကြားရမည်။

၂၄။ အပိုဒ်(၂၃)အရ ယာယီရပ်ဆိုင်းခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မော်တော်ယာဉ်ယာယီဝင်ထွက်ခွင့်ပြုရန် နေရင်းစာချုပ်ဝင်နိုင်ငံ၏ အကောက်ခွန်ဌာနသို့ အကျိုးအကြောင်း ခိုင်လုံစွာဖြင့် လျှောက်ထားနိုင်သည်။ ယင်းသို့ ဆောင်ရွက်မှုကို အိမ်ရှင်စာချုပ်ဝင်နိုင်ငံ၏ အကောက်ခွန်ဌာနနှင့် အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီသို့ အကြောင်းကြားရမည်။

၂၅။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်တွင် ဖော်ပြထားသော မည်သည့် အချက်အလက်ကိုမျှ ဖျောက်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ လိမ်လည်ဖော်ပြခြင်း မပြုရ။ မည်သူမဆို မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်နှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသော ဤလုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ပါက တည်ဆဲ ဥပဒေအရ အရေးယူခြင်းခံရမည်။

၂၆။ မော်တော်ယာဉ်ယာယီဝင်ခွင့်လက်မှတ်နှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနသည် လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

------------------------ ၀ ------------------------

စာအမှတ်၊ စဘ/ ဘဏ္ဍာ-၅/၁/၅ (၁၄၂၄/ ၂၀၁၉)

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇွန်လ ၂၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (National Transport Facilitation Committee – NTFC)
အကောက်ခွန်ဦးစီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိဦးစီးဌာနနှင့်အဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး)